mgyoe.com
SAMPLE BOOK
"ဒါဆို ဒန်နီ့အနားမှာ ဘယ်သူမှ မရှိဘူးပေါ့၊ ဟုတ်လား အစ်ကို"

"ကလေးထောင်ထဲကို ရှေ့နေတယောက်တော့ ပါသွားတယ်"

သူ ကျွန်တော့်ကို ခဏ တွေကြည့်နေပြီး ထသွားသည်။ ကြောင်အိမ်ထဲမှ ပန်းကန်တလုံး ယူပြီး လက်ဆေးကန်နံဘေးမှ ဇွန်းတချောင်း လှမ်းယူသည်။ သူ့လက်တွေ တုန်နေသည်။ ဖယောင်းပုဆိုး အခင်းပေါ်သို့ ဇွန်းလွတ်ကျသွား၏။ ကုန်းကောက်ရင်း သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေဟန်ဖြင့်–

"ဒုက္ခပါပဲ၊ ဘယ်လိုများ ဖြစ်နေပါလိမ့်"

သူ့လက်ထဲမှ ဇွန်းကို ကျွန်တော် လှမ်းယူလိုက်၏။ သူက နောက်တချောင်း ယူပြီး သူ့အတွက် ကော်ဖီ ဖျော်သည်။ ကော်ဖီပန်းကန်ကို ကိုင်ကာ ပြန်ထိုင်ရင်း–

"ကိုယ်ဝန်ဆောင်ဘဝနဲ့ နေရတာ မကောင်းပါဘူး အစ်ကိုရယ်"

ကျွန်တော် ပြုံးလိုက်သည်။

"မင်းတယောက်တည်း အပြစ် မဟုတ်ပါဘူးကွာ၊ အစ်ကိုလည်း ပါပါတယ်"

သူက ကျွန်တော့်ကို စိန်းစိန်းကြည့်ပြီး–

"ကိုယ့်ကိုယ်ကိုယ် ဘာမှ အသုံးမဝင်တော့ဘူး ထင်နေတယ်၊ ကျွန်မဟာ တကယ် ဦးနှောက် မရှိတဲ့ ဟာမပဲ အစ်ကို၊ အထူးသဖြင့် ခုလိုခါမျိုးမှာပေါ့"

"ဟာကွာ.... မင်းကလည်း အဓိပ္ပာယ် မရှိ"

"အဓိပ္ပာယ် မရှိ မဟုတ်ဘူး အစ်ကို၊ အစ်ကိုက ကလေး လိုချင်တာမှ မဟုတ်ဘဲ၊ ကျွန်မက လိုချင်တာလေ"

"အဲဒါကမှ ပိုပြီး အဓိပ္ပာယ် မရှိတာ"

"အစ်ကိုက သမီးတယောက် ရှိပြီးသား ဆိုတော့ အစ်ကို့အတွက် နောက်ထပ် မလိုဘူးလေ၊ ဒါပေမဲ့ ကျွန်မက အစ်ကို့ကို မွေးပေးချင်သေးတယ်၊ ကျွန်မ သူ့ကို မနာလို ဖြစ်ခဲ့တယ် အစ်ကို၊ နိုရာနဲ့ တနေရာရာမှာ ယှဉ်နိုင်တယ်ဆိုတာ ကျွန်မ သက်သေပြ ချင်တယ်"

စားပွဲကို ပတ်လျှောက်သွားပြီး သူ့နံဘေးတွင် ကျွန်တော် ဝင်ထိုင်လိုက်သည်။ သူက ကျွန်တော့်ကို စိုက်ကြည့်နေဆဲ။ သူ့လက် နှစ်ဖက်စလုံးကို ကျွန်တော် ဆုပ်ယူလိုက်သည်။

"ဘာမှ သက်သေပြစရာ မလိုပါဘူးကွာ၊ အစ်ကို မင်းကို ချစ်ရင် ပြီးတာပဲ မဟုတ်လား"

ခုထိ သူ့မျက်လုံးတွေ ကျွန်တော့်ထံမှ မခွာသေး။

"ဒန်နီ့အကြောင်း ပြောနေတုန်းက အစ်ကို့မျက်နှာကို ကျွန်မ သေသေချာချာ မြင်လိုက်တယ်၊ အစ်ကို့သမီးကို အစ်ကို သိပ်ချစ်တာပဲနော်၊ ကျွန်မ မွေးပေးမယ့် ကလေးကို အစ်ကို သူ့လောက် ချစ်နိုင်ပါ့မလား ဟင်"

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော် သူ့ကို ငေးကြည့်နေမိသည်။

"ကျွန်တော့်လို မော်တော်သမားပဲလား"

ကလေးမ ခေါင်းခါသည်။

"ဟင့်အင်း... ဖေဖေက တွင်းသဘော်ာ ရေယာဉ်မှူးပါ၊ အလုပ်အားတာနဲ့ မူးတော့တာပဲ"

"ကျွန်တော်လည်း အလုပ်ချိန်မှာ မသောက်တတ်ပါဘူး"

"ဖေဖေနဲ့ တူတာပေါ့၊ ကျွန်မအဖေက နယူးယောက်မှာ အတော်ဆုံး ရေယာဉ်မှူးလေ"

စားပွဲပေါ်မှ ပွေရှုပ်နေသည့် ပန်းကန်ခွက်ယောက်တွေကို ဖယ်လိုက်ပြီး ပန်းကန်အသစ် နှစ်လုံး တင်လိုက်သည်။ ဘာဘွန်း ဝီစကီပုလင်းတလုံး ထုတ်ယူရင်း-

"ကျွန်တော့်မှာ ရေပဲ ရှိတယ်၊ ရေခဲတော့ မရှိဘူးနော်"

"ရပါတယ်၊ ဝီစကီကောင်းကောင်း ဆိုတာ ပျော့သွားအောင် မလုပ်ရဘူးလေ"

ကျွန်တော်က ဖန်ခွက်တဝက်နီးပါး လောင်းထည့်ပေးလိုက်သည်။ ငတိမကလေးက ရေသောက်သလို တကျိုက်တည်း မော့ချလိုက်သည်။ ကျွန်တော် မျက်လုံး ပြူးသွား၏။ ပိုပြီး သဘောကျသွားသည်။ သူက ဖန်ခွက်ကို စားပွဲပေါ် ပြန်ချပြီး-

"ကဲ.... အလုပ်အကြောင်း ပြောကြရအောင်"

"တနေ့ ဒေါ်လာ ၅၀၊ မနက် ၅ နာရီကနေ ညနေ ၄ နာရီအထိ သုံးနိုင်ပါတယ်၊ ခရီးသည် လေးယောက်ထက် ပိုမတင်ပါဘူး"

"တပတ်ဈေးနှုန်းကော၊ ကျွန်မတို့ လော့စ်အိန်ဂျလိစ်ထိ သွားမှာ၊ ဟိုမှာ တပတ်နေပြီး ပြန်လာမယ်"

"ကျွန်မတို့ ဆိုတာ ဘယ်နှယောက် ပြောတာလဲ"

"နှစ်ယောက်တည်းပါ၊ ကျွန်မရယ်၊ ကျွန်မရဲ့ အလုပ်ရှင်ရယ်ပါ"

ကျွန်တော် အမျိုးသမီးကို တချက် ကြည့်လိုက်သည်။

"ကျွန်တော့် မော်တော်ပေါ်မှာ အခန်းဆိုလို့ ဒီတခန်းပဲ ရှိတယ်၊ ကိစ္စမရှိဘူးလေ၊ ကျွန်တော် အပြင်ထွက်ပြီး ကုန်းပတ်ပေါ်မှာ အိပ်ရမှာပေါ့"

သူက ရယ်ပြီး-

"အပြင်ထွက်အိပ်ဖို့ မလိုပါဘူးရှင်"

"ကျွန်တော် သဘောမပေါက်ဘူး၊ အမျိုးသားက ဘာဖြစ်နေလို့လဲ"

သူ ရယ်ပြန်သည်။

"ဘာမှ မဖြစ်ပါဘူး၊ သူက အသက် ၇၁ နှစ် ရှိပြီ၊ ကျွန်မတို့ သားအဖလို နေကြတာပါ"

"ဒါဆို ဘာလို့ မော်တော်ငှားပြီး အပျော်ခရီး ထွက်ကြမှာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK
"ဆမ်"
နီရာ လှမ်းခေါ်သည်။ သူ့ဒေါသတွေ ပြေလျော့သွားပြီ။ ချက်ချင်း အကာအကွယ်မဲ့ ကလေးမကလေးတယောက် ပြန်ဖြစ်သွားသည်။
"နီရာ ဘာလုပ်ရမလဲဟင် ဆမ်"
ဆမ်က တွေးတွေးဆဆ ပြန်ပြောသည်။
"ကိုယ်လည်း သေသေချာချာ မပြောတတ်ဘူး၊ ဒါပေမဲ့ ကိုယ်သာ မင်းနေရာမှာ ဆိုရင် ခုလို ချာတိတ်ကလေးတွေနဲ့ အဆက်ဖြတ်ပစ်လိုက်မယ်"
"ကောင်းပါပြီ ဆမ်ရယ်၊ ကောင်းပါပြီ"
သူ ချက်ချင်း ကတိပေးသည်။ ဆမ် ဆက်ပြောသည်။
"နောက်တခုက ခုတင်က မင်းဆီ ဖုန်းဆက်တဲ့ စစ်ဗိုလ်လေးမျိုးနဲ့ တွဲနေရင် မင်း အတွက် ဘာမှ အကျိုးမယုတ်နိုင်ဘူး၊ အတင်းအဖျင်းတွေလည်း ငြိမ်သွားမယ်"

◆◆◆

စီးတော်ရေယာဉ်ဆီကို ဆင်းအလာတွင် ဆိပ်ကမ်းရုံးရှေ့မှ အစောင့်အဘိုးအိုက သူ့လက်ကို လေးလံစွာ မြှောက်ပြီး ကျွန်တော့်ကို နှုတ်ဆက်သည်။
"ဟယ်လို... ကာနယ်"
"ဟယ်လို"
"ကော်ရီနာဒိုဘက်မှာ ငါးကြင်းကြီးတွေ သိပ်ပေါနေတယ်တဲ့ ကာနယ်၊ သွားမျှား ပါလား"
"ဟုတ်လား၊ ဒါဆို ညနေ သွားတာပေါ့"
အဘိုးအိုကို ကျွန်တော် ထမင်းဖိုး ထုတ်ပေးလိုက်သည်။ သူက အိတ်ထဲ ထည့်ပြီး မျက်ရည်တွေ ရွှဲနေသည့် မျက်လုံးကြီးဖြင့် ကျွန်တော့်ကို စွေကြည့်ပြီး–
"ကျေးဇူးပါပဲ ကာနယ်၊ သြော်... ဒါထက် ကောင်မလေးတယောက် ကာနယ်ရဲ့ မော်တော်ပေါ်မှာ စောင့်နေတယ်၊ ပြန်လာခါနီးပြီလို့ ကျုပ် ပြောထားတယ်"
ကျွန်တော့်ခြေသံ ကြားတော့ မော်တော်ဦးပိုင်းတွင် ရပ်နေရာမှ နီရာ လှည့်ကြည့် သည်။ ဘောင်းဘီတိုကလေးနှင့် ဝီဘီ ဆယ်ကျော်သက် ကလေးမတယောက်နှင့် တူနေ၏။ မြင်းမြီးပုံ ဆံပင်နက်နက်ကို ကုပ်ပေါ်တွင် စည်းနှောင်ထားသည်။
"ဟယ်လို"
သူ စနှုတ်ဆက်သည်။
"ဟယ်လို"
နေရောင်ထိုးသဖြင့် မျက်လုံးကလေး တွန့်ထားသည်။
"ဒီတခါ တောင်းပန်ရမယ့် သူက နီရာပါ ကာနယ်"
mgyoe.com

mgyoe.com
SAMPLE BOOK

"လုပ်လေ၊ ဆက်လုပ်ပါ၊ ကိုယ် အဲဒါမျိုး လုပ်တတ်ချင်လိုက်တာ"

နီရာ ပြုံးသည်။

"နီရာကတော့ အဲဒီလို လုပ်တတ်တာ မှားလေခြင်းလို့ တခါတခါ အောက်မေ့မိတယ်၊ ဆက်မလုပ်ချင်တော့ဘူး၊ ဒါပေမဲ့ မလုပ်ဘဲ နေလို့လည်း မရတော့ဘူး၊ မြင်မြင်သမျှ အရာတွေဟာ အနုပညာပစ္စည်း ဖြစ်လာရမယ်လို့ စိတ်ထဲ ထင်နေတယ်၊ လုခ် နားလည်နိုင်ပါ့မလား မသိဘူး"

"အင်း... နားလည်သလိုလိုပဲ၊ မင်းဟာ သိပ်ကံထူးတာပဲနော် နီရာ၊ လူတိုင်း လူတိုင်း အရာဝတ္ထုတွေကို မြင်နေကြတာပဲ၊ ဒါပေမဲ့ ဘယ်သူမှ မင်းလို မလုပ်တတ်ကြဘူး"

သူက နန်းကြိုးရုပ်ကလေးကို ကြည့်ပြီး အမှတ်မထင် နံဘေးသို့ ပစ်ချလိုက်သည်။

"ဟုတ်တယ်၊ ကံထူးတယ်၊ သိပ်ထူးတယ်"

သူ့လေသံက ချက်ချင်း တူးတူးခါးခါး ဖြစ်သွားသည်။

"ဒါဖြင့် လုခ်ကျတော့ကော၊ လုခ်က ဘာလဲ"

ကျွန်တော်က ပခုံးတွန့်ပြီး–

"မသိဘူးလေ၊ တခါမှ လေးလေးနက်နက် မစဉ်းစားမိဘူး၊ ကိုယ်က သာမန် စစ်သားတယောက်ပဲလေ၊ စစ်ကြီး ပြီးဖို့ မျှော်လင့်နေတဲ့ လူသားတယောက်ပဲ"

"စစ်ပြီးတော့ ဘာလုပ်မှာလဲ"

"အလုပ်တခုခု ရှာရမှာပေါ့၊ ကံကောင်းရင်လည်း သိပ်အသက်မကြီးခင် လုပ်ချင်တာလေးတွေ လုပ်ဖြစ်ရမှာပေါ့၊ ကိုယ်က အဆောက်အအုံတွေ ဆောက်ချင်တာလေ၊ ဖြစ်မှဖြစ်ပါ့မလား မသိဘူး၊ ကိုယ့်ဟာကိုယ် ဖြစ်၊ မဖြစ် စမ်းသပ်ခွင့် မရလိုက်ဘူး၊ ကျောင်းကနေ လေတပ်ထဲ တန်းဝင်လိုက်ရတာ မဟုတ်လား"

"ဆရာဘဲလ်က ပြောတော့ လုခ် သိပ်တော်တယ် ဆို"

"သူက ဘက်လိုက်ပြောတာပါ၊ ကျောင်းမှာ ကိုယ်က သူ့အချစ်ဆုံး တပည့်ကိုး"

"နီရာ ကူညီချင် ကူညီနိုင်မှာပေါ့၊ အစ်ကိုဝမ်းကွဲတယောက် ရှိတယ်လေ၊ သူ့မှာ နာမည်ကျော် ဗိသုကာလုပ်ငန်းကြီးတခု ရှိတယ်"

"သိပါတယ်၊ ဂျော့ဟေဒင် မဟုတ်လား၊ ဟေဒင်နှင့် ကာရူသာ ကုမ္ပဏီကလေ"

"ဘယ်လိုလုပ် သိတာလဲ"

"အမိရဲ့ မယ်တော်ကြီး ပြောလို့ပေါ့"

သူက ကျွန်တော့်ကို မျက်မှောင်ကလေး ကြုတ်ပြီး စိုက်ကြည့်နေသည်။ စီးကရက်တလိပ် လှမ်းယူသည်။ ကျွန်တော် မီးခြစ် ခြစ်ပေးလိုက်၏။ စီးကရက်ကို တအား ဖွာလိုက်ပြီး–

"အင်း... မေမေကတော့ ဘယ်တော့မှ အချိန်မဖြုန်းဘူး"

ကျွန်တော်က ပြောစရာ မရှိသဖြင့် ဘာမှ မပြောဘဲ နေလိုက်သည်။

သူက မော်တော်ဝင်း နံရံကို မှီရင်း–

mgyoe.com

mgyoe.com SAMPLE BOOK

"သိပ်ငြိမ်းချမ်းတာပဲနော်၊ အားလုံးနဲ့ အဝေးကြီးကို ရောက်နေရတာ သိပ်လွတ်လပ်တာပဲ။ နားပူမယ့် လူလည်း မရှိဘူး၊ စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်မယ့်သူလည်း မရှိဘူး၊ ကမ္ဘာကြီးထဲမှာ တယောက်တည်း ရှိနေသလိုပဲ၊ တိတ်ဆိတ်ပုံကလည်း နက်ရှိုင်းလိုက်တာနော်"

ကျွန်တော် ဘာမှ မပြောဘဲ နားထောင်နေသည်။

သူက ကျွန်တော့်ကို မကြည့်ဘဲ–

"လုခ် နီရာ့ကို လက်ထပ်ချင်လား ဟင်"

"အင်း"

ခုမှ မျက်လွှာကို ဖွင့်ကြည့်သည်။ မျက်ဝန်းနက်နက်ကလေး တဖျပ်ဖျပ် ကခုန်လျက်။

"ဒါနဲ့ များ ဘာလို့ ဖွင့်မပြောဘဲ နေလဲ"

"မင်းလို မိန်းကလေးတယောက်ကို ကိုယ်က ဘာများ ပေးစရာ ရှိလို့လဲ၊ ကိုယ့်မှာ ဘာမှ မရှိဘူး၊ တပ်က ထွက်ရင် အလုပ်လည်း မသေချာဘူး၊ မိန်းကလေးတယောက်ကို လုပ်ကျွေးနိုင်ပါ့မလား ဆိုတာတောင် မသေချာဘူး"

"အဲဒါ ပြဿနာလား၊ နီရာ့မှာ အလုံအလောက်..."

"ကိုယ့်အတွက် အရေးကြီးတဲ့ ပြဿနာပေါ့၊ ကိုယ်က ဒီနေရာမျိုးမှာတော့ ရှေးဆန်တယ်လေ"

ကျွန်တော်က သူ့စကားကို ဖြတ်ပြောလိုက်သည်။

သူ ကျွန်တော့်နံဘေးတွင် ဒူးထောက် ထိုင်ချသည်။ ကျွန်တော့်လက်ကို ဆွဲယူသည်။

"အဲဒါ အကြောင်း မဟုတ်ပါဘူး လုခ်ရယ်၊ နီရာ့ကို ယုံတယ် မဟုတ်လားဟင်၊ နီရာ့ကို လက်ထပ်ခွင့် တောင်းပါနော်"

ကျွန်တော် သူ့ကို အကဲခတ် ကြည့်နေလိုက်သည်။ သူက မျက်နှာလွှဲလိုက်ပြီး–

"တကယ့်ကို ရင်ထဲက ပါမှ ပြောနော်၊ ဖြစ်ပြီးခဲ့တာလေးတွေကြောင့် ပြောရတာမျိုးတော့ မဖြစ်စေချင်ဘူး၊ အဲဒါတော့ လုခ် သိထားစေချင်တယ်"

သူ့မျက်နှာကလေးကို ကျွန်တော့်ဘက် ဆွဲလှည့်လိုက်သည်။

"မင်းကို ကိုယ် ချစ်ပါတယ် နီရာရယ်"

သူက ဘာမှ မပြောဘဲ ကျွန်တော့်ကို ကြည့်ပြီး ခေါင်းညိတ်သည်။ သူ့မျက်ဝန်းထဲတွင် မျက်ရည်တွေ ချက်ချင်း ဝေ့လာ၏။ သူ့နှုတ်ခမ်းအစုံကို ခပ်ရွရွကလေး နမ်းလိုက်၏။

"ဆမ့်ကို အကျိုးအကြောင်း ပြောပြရဦးမယ်"

"ဘာပြုလို့"

"ဒါသူနဲ့ ဆိုင်တယ်လေ၊ သူ့အလုပ်တွေ အများကြီး ရှိလာမှာ၊ သတင်းစာတိုက်တွေကို သတင်းပေးတာတို့ ဘာတို့ပေါ့၊ ဒါမှ အတင်းအဖျင်း အညှီအဟောက် ရေးချင်တဲ့ သတင်းထောက်တွေ ငြိမ်သွားမှာ"

ကျွန်တော် ဘာမှ ထင်မြင်ချက် မပေးဘဲ နေလိုက်သည်။

mgyoe.com

